"ပေါင်းပင် မြက်ပင်တွေကို နှုတ်ပါ၊ ခုတ်ပါ၊ ရိတ်ဖြတ်ပါ၊
ပန်းပင်စိုက်ပါ၊ မြေတူးပါ၊ ရေလောင်းပါ"လို့
လူတွေ သုံးနှုန်းသလို မပြောရဘူး။
ပေါင်းပင် မြက်ပင်တွေကို နှုတ်ပါလို့မပြောဘဲ
ပေါင်းပင် မြက်ပင်တွေကို ကပ္ပိပါ၊
ခုတ်ပါလို့ မပြောဘဲ ကပ္ပိပါ၊
ရိတ်ဖြတ်ပါလို့ မပြောဘဲ ကပ္ပိပါ၊
ပန်းပင် စိုက်ပါလို့ မပြောဘဲ ကပ္ပိပါ၊
မြေတူးပါ၊ ရေလောင်းပါလို့ မပြောဘဲ ကပ္ပိပါလို့
သုံးနှုန်းခြင်းက သာသနာတော်နဲ့ လျော်ညီတဲ့
အသုံးအနှုန်း ဖြစ်ပါတယ်။

ကပ္ပိယဆိုတာကျောင်းမှာအိပ်လိုက်၊
စားလိုက်နေတဲ့လူလိုပဲ အထင်မှားတတ်ကြပါတယ်။
သာသနာတော်မှာ ကပ္ပိယရဲ့ အခန်းကဏ္ဍက
အလွန်ကိုကျယ်ဝန်းပြီး ကပ္ပိယမရှိရင်
ဝိနည်းတော်နဲ့အညီ ကျင့်သုံးတော်မူတဲ့
ရဟန်းတော်များအတွက်
အခက်အခဲများစွာကြုံနိုင်ပါတယ်။

ဥပါသကာတို့ဖတ်ဖို့ ဝိနည်းသင်ပုန်းကြီးဖတ်စာ ❄ အရှင်ခေမာနန္ဒ (ရန်ကင်းတောရ-သပြေပင်)

ရန်ကင်းတောင်စာစဉ် (၃၈)

# ဥပါသကာတို့ဖတ်ဖို့
# ဝိနည်းသင်ပုန်းကြီးဖတ်စာ

နှလုံးသားဖြူစင်ကြသည့် ဘုန်းကြီးကပ္ပိယများအတွက်
ဖတ်စရာ၊ မှတ်စရာအဖြာဖြာ

(အပိုင်း-၁)

အရှင်ခေမာနန္ဒ
(ရန်ကင်းတောရ-သပြေပင်)



## ၁။ ဘုဉ်းပေးခြင်းဆိုင်ရာ ဘုရားဥပဒေတော်

## ကာလိက ၄-ပါး

ဆရာတော် ။ ။ ရဟန်းဘဝဆိုတာ စားချင်တိုင်း စားလို့ မရဘူး၊ သတ်မှတ် ပိုင်းခြားထားတဲ့အချိန်အတွင်း မှာမှ ဘုဉ်းပေးသုံးဆောင်ကြရတယ်။ ဒါကို ပါဠိလို *'ကာလိက'* လို့ ခေါ်ပါတယ်။

M.Sc ကျောင်းသား ။ ။ ပါဠိလို နားမလည်ပါဘုရား။ *ကာလိက* ဆိုတာကြီးက ဘာလဲဘုရား။

ဆရာတော် ။ ။ *ကာလိက*ဆိုတဲ့ ပါဠိစကားရဲ့အဓိပ္ပါယ်က ပိုင်းခြားသတ်မှတ်ထားတဲ့ အချိန်အခါမှာ မှီဝဲသုံးဆောင်ရတဲ့ အစား၊ အသောက်တွေ ဖြစ်ပါတယ်။ နားလည်အောင် ပြောပြမယ်နော်။ ဘာ့ကြောင့်လဲဆိုရင် ကျောင်းသား၊ ကပ္ပိယတွေက ကာလိကလေးမျိုးအကြောင်းကို ပြည့်ပြည့်စုံစုံ သိထားမှသာလျှင် သံဃာတော်တို့ကို အချိန်အခါအားလျော်စွာ ဆက်ကပ်တတ်မယ်။ အမှားအယွင်းမရှိ ဆက်ကပ်တတ်မယ်။ ဒါကြောင့် တစ်ခုချင်းစီကို အသေးစိတ် ရှင်းပြပေးမယ်နော်။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။ မြန်မာစကားနှင့်မှပဲ တပည့်တော်က ဖြစ်မှာပါဘုရား။

ဆရာတော် ။ ။ အချိန်အခါအားလျော်တဲ့ ကာလိက ၄-ပါး ရှိတယ် မောင်ကျောင်းသား၊ အဲဒါတွေကတော့ မနက် အရုဏ်တက်ချိန်ကနေ နေ့လည် နေမွန်းတည့်ချိန် တိုင်အောင် ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ အစားအစာတွေကို ‘*ယာဝကာလိက*’ ခေါ်ပါတယ်။

ဆရာတော် ။ ။ ဒုတိယက ‘*ယာမကာလိက*’ ခေါ်တယ်။ သူက ဒီကနေ့ မနက်အစောအရုဏ်တက်ချိန်ကနေ နောက်နေ့ မနက်အရုဏ်မတက်ခင် အချိန်အထိ သုံးဆောင်ကောင်းတဲ့ ဖျော်ရည် စတာတွေပါ။

MSc ကျောင်းသား ။ ။ လူတွေသောက်သုံးတဲ့ ယမကာ ဆိုတာနှင့် စာလုံး နည်းနည်းဆင်တူတယ်ဘုရား။

ဆရာတော် ။ ။ မြန်မာဝေါဟာရ စကားလုံး-၃၉၇၀ ကျော်လောက်က ပါဠိကနေ နည်းမျိုးစုံနှင့် ဆင်းသက်ရောက်ရှိလာတာမို့ ဒီမှာလည်း ယာမကာလိကကနေ ယမကာဖြစ်လာတာပါ မောင်ကျောင်းသား။

M.Sc ကျောင်းသား ။ ။ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အခုတစ်ခါ တတိယက *'သတ္တာဟကာလိက'* ဆိုတာ သံဃာတော်များ ရက်သတ္တတစ်ပတ် သိုမှီးပြီးသုံးဆောင်ကောင်းတဲ့ ပျားရည်၊ ထောပတ် စတာတွေပါ။

M.Sc ကျောင်းသား ॥ ॥ မှန်ပါဘုရား။

ဆရာတော် ॥ ॥ အခုနောက်ဆုံး *'ယာဝဇီဝိက'*ကအသက်ထက်ဆုံးတိုင် သိုမှီသိမ်းဆည်း ဘုဉ်းပေးလို့ရတဲ့ အင်္ဂလိပ်ဆေး၊ မြန်မာဆေးတို့ ပါဝင်ပါတယ်။

## ၁။ ယာဝကာလိကဝတ္ထု

Dr. အောင်သူ ॥ ॥ တပည့်တော်ကလည်း အသေးစိတ် သိချင်ပါသေးတယ်ဘုရား။

ဆရာတော် ॥ ॥ ကောင်းပါပြီ၊ ပထမဦးဆုံး ဒီနေ့ အရုဏ်တက်ချိန်ကစပြီး နေမွန်းမတည့်မီ ကာလအတွင်း ဘုဉ်းပေးသုံးဆောင်ကောင်းတဲ့ အရာတွေကို အသေးစိတ် ပြန်ပြောပြမယ်နော်။ အဲဒါကို ပါဠိလို *ယာဝကာလိက*ဝတ္ထုလို့ ခေါ်တယ်နော်။

Dr. အောင်သူ ॥ ॥ မှန်ပါဘုရား ... ယာဝကာလိက ဝတ္ထုဆိုတာ ဘာတွေပါပါသလဲဘုရား။

ဆရာတော် ။ ။ ယာဝကာလိကဝတ္ထုထဲ ဆွမ်းပါတယ်။ ဆွမ်းဟင်း၊ ဆွမ်းကျော်၊ မုန့်ဟင်းခါးဆွမ်း၊ ခေါက်ဆွဲဆွမ်း၊ အသီးသီး လူတွေစားနေကျ အစားအစာအားလုံးပါတယ်။ သစ်သီးတွေ၊ သစ်ရွက်တွေ၊ သစ်မြစ်တွေ၊ သစ်ဖု၊ ခဲဖွယ်၊ စားဖွယ် အကုန်လုံးဟာ အရုဏ်တက်ပြီးတဲ့ အချိန်ကနေပြီးတော့မှ မွန်းမတည့်မချင်း သုံးဆောင်ကောင်းတဲ့ အစာအာဟာရတွေဖြစ်တယ်။

M.Sc ကျောင်းသား ။ ။ ဒါဆိုလို့ရှိရင် ဘုရားတပည့်တော်က ဒီကနေ့ကပ်လိုက်တဲ့ ငှက်ပျောသီးဆိုတော့ အသီးထဲမှာပါတယ်ဘုရား။ ဒီနေ့ မွန်းမတည့်မချင်းပဲ သုံးဆောင်ကောင်းတာပါလားဘုရား။

ဆရာတော် ။ ။ မှန်ပါတယ်၊ မှန်ပါတယ်။

M.Sc ကျောင်းသား ။ ။ ဒါဆို ပိုတဲ့ငှက်ပျောသီးကို ဘာလုပ်ရမလဲဘုရား။

ဆရာတော် ။ ။ ပိုတဲ့ဟာကို အာလယပြတ် စွန့်လိုက်ရုံပါပဲ။

M.Sc ကျောင်းသား ။ ။ ဘယ်ကို သွားစွန့်ပစ်ရမလဲဘုရား။ ငှက်ပျောသီးကအများကြီးဥစ္စာ။

ဆရာတော် ॥ ॥ ဘယ်စွန့်ပစ်၊ စွန့်ပစ်ပေ့ါ။ ရဟန်းက သုံးဆောင်လို့မှ မရတော့တာ၊ မသုံးဆောင်ကောင်းတဲ့ပစ္စည်း ဖြစ်သွားပြီလေ။

M.Sc ကျောင်းသား ॥ ॥ ကပ္ပိယကို ပေးစွန့်လို့ ရပါသလားဘုရား။

ဆရာတော် ॥ ॥ ရတယ်၊ ရတယ်။

Dr. အောင်သူ ॥ ॥ ရှင်းပါပြီဘုရား။ နောက်နောင် တပည့်တော် ဘာသာ ငှက်ပျောသီးယူလာပြီး ကြွက်မကိုက်တဲ့ နေရာလေး တစ်နေရာမှာ သိမ်းဆည်းထားပြီးတော့မှ နေ့တိုင်း၊ နေ့တိုင်း အရှင်ဘုရားကို တစ်လုံး၊ နှစ်လုံး လောင်းလှူရင် ရပါသလားဘုရား။

ဆရာတော် ॥ ॥ ရပါတယ်၊ ရပါတယ်။ အဲဒါ ဘာမှအပြစ်မရှိပါဘူး။ လောင်းသူလည်း ကုသိုလ်ရ၊ အလှူခံပုဂ္ဂိုလ်မှာလည်း ချမ်းချမ်းသာသာ ဝိနည်းတော်နဲ့ အညီ ဘုဉ်းပေးလို့ရတာပေ့ါဒကာကြီး။

---

ကျမ်းညွှန်း

* ဝိကာလဘောဇနသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ (နှာ-၁၁၅)
* ဝိကာလဘောဇနသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၉၉)
* သန္နိဓိကာရကသိက္ခာပဒ၊ ဘောဇနဝဂ္ဂ၊ ပါစိတ္တိယပါဠိ။ (နှာ-၁၁၇)
* သန္နိဓိကာရသိက္ခာပဒဝဏ္ဏနာ၊ ဘောဇနဝဂ္ဂ၊ ပါစိတျာဒိအဋ္ဌကထာ (နှာ-၁၀၄-၁၀၅)